
မာကြီးဒေါင်ညိုး



# တမှဲ့ကဗျာ

# ဘသန်း (ခမ္မိက) ၏ နိဒါန်း

နှစ်ဆန်းရတု အချိန်အခါ တစ်နေ့မှာ ဗဂျီအောင်စိုး ဟာ ကျွန်တော့်ဆီကို သူရေးဆွဲ စုဆောင်းထားတဲ့ မင်ရေးပန်းချီ လက်ရာများကို ယူဆောင်လာပြီး၊ စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေဖို့ နိဒါန်းရေးပေးပါလို့ဆိုတယ်။ ထုတ်ဝေမယ့် စာအုပ်နာမည်က **"စာမဲ့ကဗျာ"** တဲ့။

ကျွန်တော်လည်း သူလာပေးတဲ့ အလုပ်တာဝန်ကို လက်ခံလိုက်ပြီးနောက်၊ တနင်္ဂနွေနေ့ တစ်နေ့ နံနက် အိပ်ရာကထ၊ ရေမိုးချိုးပြီး သူ့ ပန်းချီလက်ရာတွေကို တစ်ချပ်ခြင်း လှန်လှောကြည့်နေတယ်။ အဲဒီအချိန်မှာ ကျွန်တော့်ချစ်ဇနီးလည်း ကျွန်တော့်ဘေးမှာ ထိုင်နေတယ်။ ကျွန်တော်ကြည့်ပြီးလို့ ဘေးမှာ ချထားလိုက်တဲ့ ကားချပ်တွေကို၊ ကျွန်တော့်ဇနီးကလည်း ကောက်

ကြည့်နေတယ်။

နှစ်ဦးစလုံးဟာ တစ်ဦးကိုတစ်ဦး ဘာမှ မပြောကြဘဲ ကိုယ့်အာရုံနဲ့ ကိုယ်ဖြစ်နေကြတယ်။ ဇနီးဘက်ကို တစ်ချက် တစ်ချက် မျက်စိစွေကြည့်လိုက်တိုင်း၊ ဇနီးဟာ ပါးစပ် မဟ အသံ မထွက်ဘဲ ရီနေတာကို ကျွန်တော် သတိထားမိတယ်။ ပန်းချီကား တွေကို ကြည့်လို့ကုန်ခါမှ ကျွန်တော့်ဇနီးက စကားစပြောတယ်။

**ဇနီး** ။ ။ ကိုအောင်စိုးကတော့ မဟုတ်တာတွေကို ရောက်လုပ် နေပြန်ပြီ။ ကဗျာလို့လဲဆိုသေး၊ စာလဲ မပါဘူးတဲ့။ ဒါဟာ လူတွေရဲ့ အာရုံစူးစိုက်မှုကို ဆွဲဆောင်နိုင်အောင် ကလက် လိုက်တာ သက်သက်ပဲ။ ဒါမှမဟုတ်ရင် ကျွန်မမြေးကလေး သုံးနေကျစကားနဲ့ ဆိုရရင် ကိုအောင်စိုး တစ်ယောက်တော့ "ပေါက်" သွားပြီလို့ ထင်မိတယ်။

**ကျွန်တော်** ။ ။ မဟုတ်ပါဘူးကွာ၊ မင်းကလဲ စာမဲ့ကဗျာဆို တာ တိမ်သယောင်နဲ့ အင်မတန် နက်တယ်ကွ။

ဇနီး ။ ။ လာပြီ ကိုကိုကတော့ ကိုကိုချစ်တဲ့ ခင်တဲ့ လူတွေဆိုရင် သူတို့လုပ်တာတွေဟာ ဘာဘဲဖြစ်ဖြစ် ကောင်း တာချည်းဘဲ။

**ကျွန်တော်** ။ ။ မင်း တက်တက်စင်အောင် လွဲနေပြီ။ ငါက ကောင်းတာတွေ လုပ်တဲ့လူတွေကိုချည်း ရွေးပြီး ချစ်တတ်တာပါ ကွယ်။

**ဇနီး** ။ ။ ကဲ ဒါဖြင့် ဒီပုံတွေရဲ့ ကောင်းမွန်ချက်တွေကို ရှင်းပြအုံးရှင့်။ ကျွန်မတော့ ဒီကားတွေ တစ်ဝက်လောက်ဟာ ဘာတွေဆွဲထားမှန်းကို မသိဘူး။ ကိုကိုကတော့ဖြင့် ကြည့်ကြည့်ပြီး ကြည်နူးနေလိုက်တာ။ ပထမဦးဆုံး စာမဲ့ကဗျာဆိုတာကိုဘဲ ရှင်းပြစမ်းပါအုံး။ ဒါတွေဟာ ပန်းချီဘဲ။ ကဗျာမှ မဟုတ်တာ။

**ကျွန်တော်** ။ ။ ခက်တာက ဒို့တိုင်းပြည်မှာ မင်းတို့လို လူစားတွေ များနေလို့ မကြီးပွားနိုင်တာ။ ဒို့တိုင်းပြည်မှာ လူတွေဟာ ဘယ်အတတ်ပညာဗေဒမျိုးကို လိုက်စားလိုက်စား၊ အပေါ်ယံကြောဖြစ်တဲ့ အတတ်ပိုင်း Technique ကိုသာ မဲပြီး လိုက်စားလေ့ရှိတယ်။ ပညာပိုင်းကိုပါ လေ့လာတဲ့သူမျိုးဟာ ရှာမှ ရှားနေတယ်။ သုခုမဗေဒဆိုတဲ့ အနုပညာမှာလဲ အနုပညာရဲ့ အတတ်ပိုင်းကိုသာ ခုထိတိုင်အောင် မဲပြီး လိုက်စားနေကြတယ်။

ဒါကြောင့်မို့ ကဗျာဆိုတဲ့အသံကို ကြားလိုက်တိုင်း ကြားလိုက်တိုင်း၊ တေးထပ်၊ သဖြန်၊ ဘောလယ်၊ သီချင်းကြီး၊ သီချင်းခံ၊ ရတု (ယုတ်စွအဆုံး ခုမဂ္ဂဇင်းတွေမှာ ပါပါနေတဲ့ "ကဗျာ" ဆိုတဲ့ ကာရန်စပ် အများစု) တွေကိုသာ စိတ်ထဲ ပြေးမြင်လိုက်၊ ကြားလိုက်တာချည်းဘဲ။

သုခမအရာထိုက်တဲ့ အနုပညာလက်ရာတိုင်းမှာ ပန်းချီကားဘဲဖြစ်ဖြစ်၊ တေးတစ်ပုဒ်ဘဲဖြစ်ဖြစ်၊ အဆောက်အဦတစ်ခုဘဲဖြစ်ဖြစ်၊ ဝတ္ထုတစ်အုပ်ဘဲဖြစ်ဖြစ်၊ ပန်းပုရုပ်တစ်ရုပ်ဘဲဖြစ်ဖြစ်၊

## ၄ ဘာသန်း (ခမ္ပိက) ၏ နိဒါန်း

မိန်းမလုံချည် ဒီဇိုင်းတစ်ခုဘဲဖြစ်ဖြစ် ကဗျာဆိုတဲ့သဘောတရား ဟာ ပါရှိနေတာချည်းဘဲ။ ဒီကဗျာဆိုတဲ့ (ကမ္ဘာသုံးစကားနဲ့ဆိုရ ရင် Poetry ပါဠိလိုဆိုရရင် သောဘဏသာရဆိုတဲ့) အလှအနှစ် သားဟာ အနုပညာ လက်ရာမွန် လက်ရာကောင်းတိုင်းမှာ တစ်လျှောက်လုံး သဘောအရာမှာ မပြောင်းလဲဘဲ လိုက်လံပါရှိ နေတာချည်းဘဲ။ အဲဒီပရမတ်သဘောကို သိမြင်တဲ့ လူဦးရေဟာ အင်မတန်မှနဲနေသေးတယ်။ အနုပညာရှင် အများစုလဲ ဒီသဘော ကို မရိပ်စားမိကြဘူး။

**ဇနီး** ။ ။ သုခုမအရာထိုက်တဲ့ အနုပညာလက်ရာတိုင်း မှာ အဲဒီပရမတ် အလှသဘောပါတာချည်းဘဲဆိုတာ ထပ်ရှင်းပြ စမ်းပါအုံး။

**ကျွန်တော်** ။ ။ ဥပမာ တစ်ခုဆောင်ပြမယ်ကွာ။ မြေအိုး၊ မြေခွက်၊ မြေခရား၊ မြေပန်းကန်ဆိုပါတော့။ မြေအိုးနဲ့ မြေခွက် ဟာ မတူဘူး၊ မခြားတာက မြေ။ မြေခွက်နဲ့ မြေခရားဟာ မတူ ဘူး။ မခြားတာက မြေ၊ မြေခရားနဲ့ မြေပန်းကန်ဟာ မတူဘူး။ မခြားတာက မြေမဟုတ်လား။ မြေပန်းကန်အစိမ်းနဲ့ မြေပန်းကန် အနီဟာ မတူကြဘူး။ မခြားတာကတော့ မြေ ဘဲ မဟုတ်လား။ သဏ္ဌာန်တွေ၊ အဆင်းတွေက ဘယ်လိုဘဲ ပြောင်းသွား ပေမယ့်လို့ အနှစ်သားမြေကတော့ဖြင့် မဖောက်မပြန် တသမတ် တည်း လိုက်ပါနေတာချည်းဘဲ။ မြေဟာ အိုးခွက်၊ ခရား၊ ပန်းကန်

ဆိုတဲ့ ပညတ်တွေအားလုံးရဲ့ ပရမတ်ပေါ့ကွယ်။ ပညတ်ဆိုတာ သမုတ်ရှိ၊ ပရမတ်ဆိုတာ အဟုတ်ရှိ ဖြစ်တယ်။

နောက်တစ်နည်း ပြောအုံးမယ်ကွာ။ အနောက်တိုင်းက ကမ္ဘာကျော် Artistic အလှပညာ ဝေဘန်ရေး စာရေးဆရာကြီး ဆရာ John Ruskin (၁၈၁၉–၁၉၀၀) ကလဲ ခုလို ပြောဖူးတယ်။

**'ကဗျာ'** ဆိုတာဟာ သဒ္ဒါရေ၊ ပုဒ်ရေ၊ ကာရန်တို့နဲ့ ရေးသားစီကုံးထားတဲ့ စာပေဖြစ်တယ်ဆိုတဲ့ အပြောဟာ အင်မတန်မှ တိမ်လှတယ်၊ တုံးလှတယ်။ စာလုံးများနဲ့ ရေးသားစီကုံးတဲ့ ကဗျာစာဟာ ကဗျာရွတ်ဆိုမှုသာ ဖြစ်တယ်။ ပန်းပုရုပ်၊ ကျောက်ဆစ်၊ ကြေးသွန်း၊ ပန်းတမော့ရုပ်၊ ပန်းချီကား၊ ဂီတအစစ်စသည်တို့ဟာလဲ **ကဗျာထုတ်လုပ်မှုများ** ဖြစ်တယ်။ ဆောက်ကိုကိုင်တဲ့ ဖီးဒီးယပ်စ်၊ စုတ်ကိုကိုင်တဲ့ ရပ်ဖဲလ်၊ စန္ဒရားတီးတဲ့ ဗီထိုဗင်တို့ဟာ စာဆိုကျော် မင်လတန်၊ စာဆိုကျော် ဂါသာတို့နဲ့ အတူအမျှ ကဗျာ ကဝိတွေဖြစ်သတဲ့။

ဆရာရပ်စကင်ရဲ့ ဒီအဆိုဟာ ကဗျာကို စာပေကောင်းတို့မှာသာ တွေ့ရတာမဟုတ်၊ ပန်းပုကောင်း (ဖိုင်းအော့တ် သာမက ပိုစတာ၊ ကာတွန်း၊ ကြော်ငြာဒီဇိုင်း စာသရုပ်ဖော်စတဲ့ ကွန်မာရှယ်အော့တ် အပါအဝင်) ပန်းချီကောင်း၊ ပန်းတမော့ကောင်း၊ ဂီတ ကောင်း၊ ဇာတ်ကောင်း၊ အကကောင်း၊ ဗိသုကာကောင်းတို့မှာလဲ တွေ့ရတာချည်းပဲလို့ ဆိုလိုတာဖြစ်တယ်။

ကဗျာဟာ အာ့တ်ဆိုတဲ့ သုခုမဗေဒ(အလှပညာ)ရဲ့ အဌာ (အထာ)ဖြစ်လို့ စစ်မှန်တဲ့အလှပညာ လက်ရာမွန် လက်ရာကောင်း အားလုံးတို့မှာ မပျက်မကွက် အစဥ်တစိုက် လိုက်လံတည်ရှိတဲ့ သောဘဏသာရ အလှအနှစ်သား၊ တစ်နည်းဆိုရရင် အတွင်းဓမ္မသား၊ အတွင်းတရားသား ဖြစ်တယ်လို့ဆိုတာ အဲဒီလိုပဲ စာကဗျာ၊ ပန်းပုကဗျာ၊ ပန်းချီကဗျာ၊ ပန်းတမော့ကဗျာ၊ ဂီတကဗျာ၊ အကကဗျာ၊ ဗိသုကာကဗျာစသဖြင့် ကဗျာတရားဟာ အလှပညာ အားလုံးထဲမှာ မဖောက်မပြန်တဲ့ ပရမတ်ဓာတ်သဘောနဲ့လိုက်လံပါဝင်တည်ရှိတယ်။

ဗဂျီအောင်စိုးက **"စာမဲ့ကဗျာ"**လို့ သူ့လက်ရာတွေကို ခေါ်ထားတာဟာ ခု ငါရှင်းပြခဲ့တဲ့ ကဗျာဆိုတဲ့ ပရမတ်အလှသဘောကို စာနဲ့မဟုတ်ဘဲ ပန်းချီနဲ့ ဖော်ထုတ်ထားတာလို့ဆိုတာ။ ပန်းချီဒီဇိုင်းနဲ့ ဖော်လှစ်ထားတဲ့ ကဗျာအလှ အနှစ်သားလို့ ဆိုတာ။

လောကနတ် ပန်းချီပန်းပုဆိုင်ခန်းကို အလည်အပတ်လာနေကျဖြစ်တဲ့ ရင်းနှီးတဲ့ လူငယ်ပန်းချီဆရာကလေးတွေကို ငါ ခဏခဏ တဖွတဖွရွတ်ဆို ရှင်းလင်းပြလေ့ရှိတဲ့ **သုခမဗေဒ၏ ပရမတ်အင်္ဂါ–ခြောက်ပါး**ကို မင်းသာ ပြန်စဥ်းစားရင် စာမဲ့ကဗျာရဲ့ အနက်အဓိပ္ပာယ်ကို ရိပ်စားမိနိုင်ပါတယ်။

**ဇနီး** ။ ။ ပရမတ် အင်္ဂါခြောက်ပါး၊ ဘယ်လိုပါလိမ့်။

**ကျွန်တော်** ။ ။ မင်းနှယ်ကွာ၊ **The Six Ultimate Principles**

**of Art** လေ၊ မေ့သွားပလား။

**ဇနီး** ။ ။ အော်၊ ကျမကို အလွတ်ကျက်ခိုင်းထားတဲ့ ကိုကို့စာလား၊ ကိုကို ကိုယ်တိုင်ဆင်ခြင် သုံးသပ်ပြီး ထိုးထွင်းသိရှိ ရေးစပ်ထားတဲ့ ကိုကို့ရဲ့ အဦးအစမဟာတွေ့ရှိချက်ကြီးလား။ **'ပရမတ်သစ္စာခြောက်ချက်'** ပါ။

**ကျွန်တော်** ။ ။ အို ... အတူတူပေါ့ကွာ။ ရွတ်ပြစမ်းပါအုံး။ မေ့များသွားပလား။

**ဇနီး** ။ ။ သုခုမ အလုပညာ ဟူသည်...

(၁) အလှတရား ခံစားနိုင်သော သဘောရှိရမည် (...)

(၁) အလှတရား ခတ်ခံပါရမီ အထူးရှိသော (စိတ္တာဓိက) ပုဂ္ဂိုလ်တို့၌ ကဗျာဉာဏ်အလှ၊ ဂယက်ထခြင်းလျှင် အစရှိ၏။

(၂) တင့်တယ် မြင့်မြတ်သော အလိုရှိခြင်း (ဓမ္မစ္ဆန္ဒ) လျှင် နီးစွာသောအကြောင်း (ပဒဋ္ဌာန်) ရှိ၏။

(၃) အတွင်းနာမ်တရားအလှ (သောဘဏစိတ်) များကို အပြင်ရုပ်တရားအလှ၊ အဆင်းအသံ (ဗဟိဒ္ဓရူပါရုံ၊ သဒ္ဒါရုံ) များ အဖြစ်သို့ ပြောင်းလဲဖန်ဆင်းခြင်း (နိမ္မာနရသ) အမှုကိစ္စရှိ၏။

(၄) လှပတင့်တယ်ခြင်း (သောဘဏလက္ခဏာ) သဘာဝ အမှတ်အသားရှိ၏။

(၅) ကြည်နူးသာယာခြင်း (ပီတိသောမနဿ) အစရှိသည့် ချမ်းသာအလှများလျှင် ဉာဏ်၌ထင်သော အခြင်းအရာ (ပစ္စုပဋ္ဌာန်)ရှိ၏။ (လောကဟိတတ္ထာယ) လောက၏ နာမ်ပိုင်းအလှ

ရုပ်ပိုင်းအလှ တိုးပွားခြင်းလျှင် အကျိုးဖလ ရှိ၏။
(ဖ) စုလစ်မွန်းချွန်တပ်သော သုခုမ ပြဿာဒ်၌ ရသစာပေ၊ ပန်းချီ၊ ပန်းပု၊ ဗိသုကာ၊ ဂီတ၊ သဘင် စသည့် ရှိရှိသမျှသော အောက်ခံအထည်ဝတ္ထုအစုစုသည် အတုလွတ် အလှအနှစ်သား၊ ကဗျာသဘောတရား (သောဘာသာရ) ဟူသော အထက်ထုပိကာ ထီးတွင် ကိုင်းရှိုင်းစုဝေးကြ၏။
**ကျွန်တော်** ။ ။ အေး ..... အဲဒီခြောက်ချက်စလုံးကို ငုံမိ ခြုံမိအောင် စာမဲ့ကဗျာဆိုတဲ့ စကားကလေး (၄) လုံးက နိဒ္ဒေသ ပြုထားတယ်။ ကဲ .... နောက်ဆက်တွဲ အဖွင့်ကလေးကိုလဲ ရွတ်ပြ ပါအုံးကွယ်။
**ဇနီး** ။ ။ အနုပညာလက်ရာအစစ်တစ်ခုကို စင်စစ် အားဖြင့် ဘယ်သူဘယ်ပုဂ္ဂိုလ်မှ ဖန်ဆင်းတာ မဟုတ်ဘူး။ မဟာ ပလာ၊ သုညတာဆိုတဲ့ အလှဓာတ်ပြင်ကြီးထဲက မေတ္တာအစရှိတဲ့ စေတသိက်ဓာတ်စင် အလှလှိုင်းဂယက်တွေ ထပွက်ပြီး ထိုလှိုင်း ဂယက်များကို အပြင်သို့ ဖော်ထုတ်ချင်သော စိတ်ဆန္ဒသည် သေ လုမတတ် ပြင်းထန်လှသဖြင့် အတွင်းအဇ္ဈတ္တလှုပ်ရှားမှု ရုပ်ဓာတ် စင်အလှများဟူသော ကာယဝိညတ်၊ ဝစီဝိညတ် ရုပ်တရားတွေ ဖြစ်လာစေတယ်။ ထိုအတွင်းရုပ်ဓာတ်စင် အလှတွေက အပြင် ဗဟိဒ္ဓကြည့်စရာ ရုပ်ဓာတ်အလှတွေနဲ့ ကြားစရာရုပ်ဓာတ်အလှ တွေကို ဖန်ဆင်းတယ်။ အပြင်အလှဓာတ်တွေကို အတွင်းအလှ

ခာတ်တွေက ဖန်ဆင်းတယ်။ အတွင်းအလှတရားတွေက အပြင်အလှတရားတွေကို ဖန်ဆင်းတယ်။ ဘယ်ပုဂ္ဂိုလ်၊ ဘယ်သတ္တဝါ၊ ဘယ်သူဘယ်ဝါ၊ ဘယ်ငါဘယ်သူ၊ ဘယ်မင်းမှ အဲဒီထဲမပါ။ အလှတရားခာတ်ခံပါရမီအထူးရှိတဲ့ (စိတ္တခိက) ပုဂ္ဂိုလ်ဆိုတာဟာ

**ကျွန်တော်** ။ ။ တော်ပါတော့ကွယ်၊ ဒါတွေဆက်ရွတ်နေရင် ထမင်းစား နောက်ကျနေပါအုံးမယ်။

**ဇနီး** ။ ။ ဒါဖြင့်ရင် ဒီအချို့ပုံတွေထဲမှာ ဘယ်မလဲ အလှ။ ကျွန်မဖြင့် ကြည့်လို့မတွေ့ပါဘူး။

**ကျွန်တော်** ။ ။ ဘယ်တွေ့မလဲ၊ နင်မှ မကြည့်တတ်ဘဲ။

**ဇနီး** ။ ။ (ဟက်ဟက်ပက်ပက်ရယ်မောလျက်) ကြည့်တတ်အောင် ရှင်းပြစမ်းပါအုံးရှင်။

**ကျွန်တော်** ။ ။ ကဗျာစာတစ်ပုဒ်ကို ဖတ်တဲ့အခါ၊ တေးတစ်ပုဒ်၊ ဂီတတစ်ကွက်ကို နားထောင်တဲ့အခါ၊ ဝါကျတိုင်း၊ အပိုဒ်တိုင်း၊ ကုန်ဆုံးအောင်သာမဟုတ်၊ တစ်ပုဒ်လုံး၊ တစ်ကွက်လုံး၊ ကုန်အောင် ဆက်ပြီးဖတ်ရတယ်။ နားထောင်ရတယ်။ ဖတ်ရှုနားထောင်သူမှာလဲ သက်ဆိုင်ရာ ခာတ်ခံ ပညာခံ အထိုက်အလျောက်ရှိရတယ်။

ပန်းချီအရသာပေါ်အောင် ကြည့်ရှုရာမှာလဲ ဖျတ်ကနဲကြည့်ရုံနဲ့ မရဘူး။ ကဗျာစာ၊ တေးဂီတမှာလိုဘဲ အစမှအဆုံးတိုင်အောင် ကြည့်ဘို့လဲလိုတယ်။ ပန်းချီဆိုတာဟာ **သဏ္ဍာန်**

**နိမိတ်၊ ဝေဒနာနိမိတ်၊ သင်္ကေတနိမိတ်** ဆိုတဲ့ နိမိတ်သုံးပါး အရာဖြစ်တယ်။ ကဗျာပါတဲ့ ပန်းချီဆိုရင် ကြည့်ရုံနဲ့လဲ မမြင်ဘူး။ မြင်ရုံနဲ့လဲ မသိဘူး။ သိရုံနဲ့ကလဲ မထိဘူး။ ထိမှသာ ပန်းချီထဲပါတဲ့ ကဗျာကို မိနိုင်တာ။ ကြည့်မှုမှ မြင်မှု၊ မြင်မှုမှ သိမှု၊ သိမှုမှ ထိမှု ပေါ်ပြီး တွေးမှု ကြံမှုပေါ်တယ်။ တဖန် ထိုမှ ထိမှုမိမှု ပေါ်ပြန်တယ်။ အဲဒီလိုသာ ပန်းချီအလှရဲ့ အရသာခံစားမှုကို အပြည့်အဝ ရယူနိုင်တယ်။

**ဇနီး** ။ ။ အမယ်လေး ကိုကို ရှင်းလိုက်မှ ပိုရှုပ်သွားပြီ။

**ကျွန်တော်** ။ ။ နေပါအုံး၊ ဆက်နားထောင်စမ်းပါအုံးဟ။

ပန်းချီဆိုတာ မျက်စိနဲ့ မြင်မှတ်စရာအဖြစ် မြင်ရုံသက်သက်အတွက် မဟုတ်ဘူး။ စိတ်နဲ့ ခံစားစရာအဖြစ် ခံစားရတဲ့ အရာလဲ ဖြစ်တယ်။ ဉာဏ်နဲ့ကွန့်မြူးစရာအဖြစ် ကျက်စား ကွန့်မြူးရတဲ့ အရာလဲ ဖြစ်တယ်။

သုခုမပန်းချီလက်ရာဟူသရွေ့မှာ လက်ရာရှင်ဟာ ခုနက ပြောခဲ့တဲ့ မျက်စိအမြင် (ကြည့်မြင်မှု)၊ စိတ်အမြင် (ခံစားမှု)၊ ဉာဏ်အမြင် (ကွန့်မြူးမှု) ဆိုတဲ့အမြင်သုံးမျိုးစလုံးကိုအသုံးပြုပြီး အဲဒီအမြင်သုံးမျိုးထဲက မိမိရဲ့ ဝါသနာစရိုက်နဲ့ အခိုက်အတန့် စိတ်ထားအလိုက် တစ်မျိုးမျိုးကိုသာ လိုရင်း ပဓာနပြုပြီး ကျန်နှစ်မျိုးကို သာမညထားလေ့ရှိတယ်။

ရှင်းပြအုံးမယ်။ သေသေချာချာနားထောင်။ **သဏ္ဍာန်**

**နိမိတ် ထင်ပေါ်စေခြင်း** ( impression - visually )၊ **ဝေဒနာနိမိတ် ထုတ်ဖော်ခြင်း** ( expression - emotionally ၊ **သင်္ကေတ နိမိတ် တည်ဆောက်ခြင်း** ( construction - sysbolically )တွေကို ပြုလုပ်ရာမှ နိမိတ်သုံးပါးအနက် နိမိတ် တစ်ပါးပါးကို ကျန်နိမိတ် နှစ်ပါး ထက် ပိုအသားပေးပြီး ကဲပြီး ရေးဆွဲတယ်။

အဲဒီနိမိတ်သုံးပါး အစပ်အဟပ် မတည့်ပြန်ရင်လဲ ပန်းချီ လက်ရာဟာ သုခုမအရာ မထိုက်မဝင်ဖြစ်ပြန်တယ်။

သဏ္ဌာန်နိမိတ်ကို ထင်ပေါ်စေရာမှာ တကယ်လို့ **သင်္ကေတမှန်ကန်မှု** ( sysbolic verity ) **နဲ့ ဝေဒနာပေါ်မှု သတ္တိ တန်ခိုး** ( emotion power ) တို့ကင်းမဲ့နေပြန်ရင်လဲ ပန်းချီလက်ရာ ဟာ **သဘာဝ ရိုးရိုးစင်းစင်းကြီး အတုယူခြင်းဝါဒ** ( banal imitative naturatism ) သာဖြစ်တော့တယ်။ (ပန်းချီပြပွဲတွေမှာ ဒီလို လက်ရာမျိုးတွေ အများကြီးတွေ့ရတာပေါ့)။

ဝေဒနာနိမိတ်ကို ထုတ်ဖော်ရာမှာလဲ တကယ်လို့ **သင်္ကေတအနှစ်သား** ( symbolic content ) နဲ့ **မျက်မြင်အင်အား** ( visual strength )မပါပြန်ရင်လဲ ပန်းချီလက်ရာဟာ **စိတ်ကူးယဉ် ဘုံနယ်မြေအတွင်း ကြို့နေရခြင်းဝါဒ** ( limited to the plane of sentimental expression ) သာဖြစ်သွားတယ်။

သင်္ကေတနိမိတ်ကို တည်ဆောက်ရာမှာလဲ တကယ်လို့ **မျက်မြင် တိကျမှန်ကန်မှု** (visual accurancy ) နဲ့ **ဝေဒနာပေါ်**

**မှုအင်အား** ( emotional force ) ကင်းမဲ့နေပြန်ရင်လဲ ပန်းချီလက်ရာဟာ **ပုံသဏ္ဍာန်ထွင်ခြင်း၊ ဒူလာပိန် ဒူလာခြောက်၊ ပုံစွဲရောဂါ သဏ္ဍာန်ဥပါဒါန်** ( anaemic formalism ) သာဖြစ်သွားပြန်တယ်။

အဲဒီသဘောကို ယုတ္တိ သာဓက ပန်းချီလက်ရာတွေနဲ့ ဂျေအက်တင်ဆိုသူ မော်ဒန်အာတ် ပါရဂူတစ်ဦးက အရောင်အဆင်းအတတ်ပညာ ( The Art of Color ) ဆိုတဲ့ ကျမ်းထဲမှာ ရှင်းထားတယ်။

**ဇနီး** ။ ။ ကျွန်မကတော့ ဒီကာလပေါ် ပန်းချီ (modern art) ကို ဘယ်တော့မှ ကြည့်တတ်မယ် မထင်ဘူး။ ခုလဲ ကြိုက်လဲမကြိုက်ဘူး။ နောင်လဲ ဘယ်တော့မှ ကြိုက်နိုင်မယ် မထင်ပါဘူး။

**ကျွန်တော်** ။ ။ မင်း မကြည့်တတ်လို့ မကြိုက်တာပါ။ ကြည့်တတ်ပြီး ကြိုက်တဲ့လူတွေကတော့ ကမ္ဘာနဲ့အဝှမ်း ငွေသိန်းသန်းချီ ပေးဝယ်ပြီး ပြတိုက်ကြီးတွေ၊ အိမ်ခန်းတွေမှာ ကျက်သရေဆောင်အဖြစ် ချိတ်ဆွဲပြီး ကြည်နူးနေကြတယ်။

အခု အောင်စိုးရဲ့ လက်ရာတော်တော်များများဟာ အတော်ကို အဆင့်အတန်းမြင့်တဲ့ မော်ဒန်အာတ်တွေကွ။ မြန်မာပြည်မှာ မော်ဒန်အာတ်ကို သူတစ်ယောက်ပဲ အများဆုံး ရေးတယ်။ သူရေးတာတွေဟာ ကာလပေါ် ပန်းချီဝါဒအရ ပီလဲ

ပီပြင်တယ်။ အဆင့်အတန်းလဲ မြင့်တယ်။ သူရေးသမျှ မော်ဒန်အာတ်လက်ရာတွေဟာ ဒီဇိုင်းပညာ အင်မတန်နိုင်တဲ့သူ တစ်ယောက်ဖြစ်တာမို့ ဘယ်တော့မှ ကြောင်စီစီ၊ ပြူးပြဲပြဲ၊ ကိုးယိုးကားယား မဖြစ်ဘူး။ ခက်တာက မဂ္ဂဇင်းစာအုပ်တွေထဲမှာ ပါလေ့ရှိတဲ့ သရုပ်ဖော်ပုံတွေက လွဲလို့ သူရေးဆွဲထားတဲ့ တစ်ခြားပုံတွေကို ဘယ်ပြပွဲမှလဲ မတင်ဘူး။ ဘယ်သူ့ကိုမှလဲ မပြဘူး။ သူချစ်ခင်တဲ့ လူသုံးလေးဦး လောက်ကိုပဲ တစ်ခါ တစ်ရံ ပြတယ်။ ငါကတော့ သူ့လက်ရာတွေကို ကြည့်ခွင့်အရဆုံး ဖြစ်တယ်။

ငါအခု ဝမ်းသာမဆုံး ဖြစ်နေတာက ဗဂျီအောင်စိုးဟာ စိတ်ပြောင်းလာပြီ။ နယ်ပယ်နဲ့ ပရိသတ်အရာမှာ ပန်းချီပြပွဲမျိုး ထက် ပိုမိုထိရောက်တဲ့ နည်းမျိုးနဲ့ သူ့လက်ရာတွေကို တင်ပြချင် တဲ့စိတ် သူ့မှာပေါ်လာပြီ။ သူ့လက်ရာကောင်းတွေဟာ သေတ္တာ တွင်း အမှောင်ထဲက ကမ္ဘာ့အလင်းရောင်တွင်းကို ထွက်ပြူလာပြီ။ သူ့လက်ရာကောင်းတွေကို ခုလိုစာအုပ်အဖြစ် ထုတ်ဝေလိုက် တာကိုလဲ ဒို့က ကောင်းချီးသာခုပြုပါတယ်။ ကျေးဇူးလဲတင်လို့ မဆုံးပါဘူး။

**ဇနီး** ။ ။ ကိုအောင်စိုး ချီးမွမ်းခဏ်း ခဏရပ်ပြီး မော် ဒန်အာတ်အကြောင်းနဲနဲ ပြောပြစမ်းပါအုံး။ မြန်မာပြည်မှာ ဘယ် သူတွေက စရေးသလဲဆိုတာလဲ ကျမသိချင်ပါတယ်။

**ကျွန်တော်** ။ ။ မြန်မာပြည် ပန်းချီပြပွဲတွေမှာ **ရှေးရိုးအကဲဒမစ်** (Academic) အစဥ်အလာအတိုင်း မျက်မြင်ဒိဋ္ဌသဏ္ဍာန်နိမိတ် မှန်ကန်တိကျ ပီပြင်မှုကို အသားပေးပြီး မှိုင်းမှိုင်းညို့ညို့ ရေးနည်းမျိုးကို အများဆုံးမြင်ရတယ်။ ဒီအပြင် သဏ္ဍာန်နိမိတ်မှုထက် မြင်တဲ့အဆင်းကို မြင်တဲ့အတိုင်း (အရောင်များရဲ့ အဆင်း hue၊ အသွေး tone၊ အရည် chromatic value တွေကို သဘာဝတွင် ရှိသည့်အတိုင်းမြင်ပြီး) အရောင်အဆင်း အသွေးအရည် မှန်ကန်မှုကိုသာ ကဲပြီးရေတဲ့ **ဖသသပန်းချီဝါဒ်–** (Impressionism) ရေးနည်းမျိုးလည်း မြင်ရတယ်။

**ဇနီး** ။ ။ ဖြတ်မေးပရစေအုံး။ အဆင်းနဲ့ အရောင်ဟာ တူတူပဲ မဟုတ်လား။

**ကျွန်တော်** ။ ။ အရောင်ဆိုတာ (colour) ကာလာကို ဆိုတာ။ အဆင်းဆိုတာက (hue) ဟူးကိုဆိုတာ။ အဆင်းတစ်ခုကို အရောင်တစ်ခုလို့ ဆိုနိုင်ပေမင့်၊ အရောင်တစ်ခုထဲမှာ အဆင်းနှစ်ခု သို့မဟုတ် သုံးခုပါချင်ပါနေတတ်လို့ဘဲ။ ဥပမာ ကျောက်စိမ်းရောင်ဟာ အဆင်းစိမ်းနဲ့၊ အဆင်းဝါ နှစ်မျိုးကို ရောစပ်လို့ရတဲ့ အဆင်းစပ်ရောင်တစ်ခုဖြစ်တယ်။ ကဲ၊ အရောင်နဲ့ အဆင်းကွဲပြားပုံ နားလည်ပလား။ နားလည်ရင် ဆက်ပြောအုံးမယ်။

**ဇနီး** ။ ။ ဟုတ်ကဲ့။

**ကျွန်တော်** ။ ။ ပန်းချီသမိုင်းအရ ( impression ) ခေတ်ရဲ့ နောက်ပိုင်းမှာ ပြင်သစ် ပန်းချီကျော်ဆရာ ( Cezanne )ဆေဇန်းကအစပြုပြီး မျက်မြင် ဒိဋ္ဌနည်းကို သာမညထားပြီး မျက်မြင်အလွှာထက်လွန်ပြီး သဘောအလွှာကို ချဉ်းကပ်တဲ့ အနေနဲ့ ( not to reflect the visible but make visible ) မြင်စရာကို ကင်းဗတ်ပေါ်မှာ တစ်ဆင့်ထင်ဟပ်ပြခြင်းမျိုးမဟုတ်ဘဲ၊ မြင်စရာကို ကြည့်သူများ တိုက်ရိုက်မြင်လာအောင် လုပ်ခြင်းမျိုး၊ (တစ်နည်းဆိုရရင်) ပရိသတ်မြင်ချင်တာကို ပန်းချီပညာရှင်က ကင်းဗတ်ပေါ်ထင်ဟပ်ပြခြင်းမျိုးမဟုတ်ဘဲ၊ ပရိသတ်အား ပန်းချီပညာရှင်က မြင် စေချင်တာကို မြင်အောင် လုပ်ပြခြင်း၊ ဓမ္မဒိဋ္ဌာန် တပ်အပ်ဒိဋ္ဌဝါဒ ရေးနည်းမျိုးကို အနောက်တိုင်းမှာ ရေးလာကြတယ်။ ဒီ တပ်အပ်ဒိဋ္ဌဝါဒနည်းကို အင်္ဂလိပ်လို ( modernism ) ကာလပေါ်နည်းလို့ ခေါ်တယ်။

အဲဒီ အင်ပရက်ရှင်နစ်ဇင်ဝါဒနဲ့ မော်ဒန်နစ်ဇင်ဝါဒ နှစ်မျိုး အနောက်တိုင်းမှာ စတင်ခဲ့တာ နှစ်ပေါင်း ခြောက်ဆယ်ကျော်တောင်ရှိနေပြီ။ ဒို့တိုင်းပြည်မှာတော့ ဒီလိုပန်းချီမျိုးကို လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်လောက်ကမှ ဗဂျီအောင်စိုးနဲ့ (ဘဏ်) ဦးခင်မောင်တို့က စရေးလာကြတယ်။

အခုဆို ကမ္ဘာနဲ့အဝှမ်း (အင်မတန်ရေးကျတဲ့ ရေးဆံတဲ့ အိန္ဒိယနိုင်ငံမှာတောင်) အကဲဒမစ် မျက်မြင်ဒိဋ္ဌိနည်းကို စွန့်ပြီး

အများအားဖြင့် ဒီပန်းချီဝါဒနည်း နှစ်မျိုးအတိုင်းရေးဆွဲနေကြပြီ။ မြန်မာနိုင်ငံပြပွဲတိုင်းလိုလိုမှာလဲ ဒီဝါဒနှစ်မျိုး လက်ရာတွေကို မြင်နေရပြီ။

ဒီမော်ဒန်နှစ်ဇင်နည်းမှာ သဏ္ဌာန်နိမိတ်ကို လျှော့ကာ ဖော့ကာ၊ ပိုကာ တွန့်ကာ၊ ဖျက်ကာ ဆီးကာ ရေးဆွဲရုံသာမဟုတ် သေးဘဲ၊ ရုပ်ပုံမဟုတ် (nonfigurative)၊ အရာဝတ္ထုပြစ္စည်းမဟုတ် (nonobjective)၊ တစ်စုံတစ်ရာကို ထင်ဟပ်ပြခြင်းမဟုတ် (non-representational) အမူကြိယာသက်သက် သဘောရေးပန်းချီမျိုး တောင် ခုခေတ်မှာ ပေါ်လာပြီ။ ဒီဝါဒနည်းဟာ ဒို့ငယ်စဉ်တောင် ကျေးကလေးဘဝကစပြီး မြင်နေကျဖြစ်တဲ့ အမြင်ရေး အကဲဒမစ် ရေးနည်း (naturalism) လဲမဟုတ်။ အင်ပရက်ရှင်းနစ်ဇင်နည်းမျိုး လဲမဟုတ်တာကြောင့် နားလည်ဘို့ ခက်နေတယ်။ ဒါပေသည့် နိုင်ငံခြား (ရုရှအပါအဝင်) ကမ္ဘာတဝှမ်းမှာတော့ ရိုးနေကြပြီ။ အင်မတန်မှ ရှေးဆံတဲ့ ရှိုင်ရယ် အကယ်ဒမီ ပန်းချီပညာကျော် အဖွဲ့မျိုးကတောင် သူတို့ပြပွဲတွေမှာ **ဒီသဘောရေး ပန်းချီ** (abstract art) လက်ရာများကို လက်ခံ ချိတ်ဆွဲလာရပြီ။

မော်ဒန်အော့တ် ပန်းချီခေတ်ဟာ ခုတိုင် မဆုံးသေးဘဲ စမ်းနေတဲ့အခြေ၌သာ ရှိနေသေးတယ်။ ဒါကြောင့်လဲ ကမ္ဘာ့ပန်းချီ သမိုင်းရေးဆရာများနဲ့ ဝေဖန်ရေးပညာရှင်တို့ဟာ အဲဒီဝါဒကို ကောင်းတယ် ဆိုးတယ်၊ မှားတယ် မှန်တယ်လို့ အပြီးအပိုင် ယတိ

ပြတ် အဆုံးအဖြတ်မပေးနိုင်ဘဲရှိနေတယ်။ ပေးလဲမပေးစကောင်းဘူး။

**ဇနီး** ။ ။ နေပါအုံးကိုကို၊ ဒီသဘောရေးပန်းချီ (Abstract Art) ဆိုတာ စိတ္တဇ ပန်းချီဆိုတာလား။

**ကျွန်တော်** ။ ။ (ဝါးကနဲ ကျယ်လောင်စွာ ရယ်လျက်) အဲဒီအခေါ်ဟာ လုံးလုံး ဘိတ်စတုံး အမှားကြီးဟ။ ပန်းချီအကြောင်း တစိုးတစိမှ နားမလည်ဘဲ ပန်းချီ အဘိဓာန်ကို လှန်ကြည့်ရမှာ တောင် အပျင်းထူတဲ့ စာရေးဆရာတစ်ယောက်က ငယ်စဉ်က သူ သင်ယူဖူးတဲ့ ရှေးရှေး ကျောင်းသုံး သဒ္ဒါစာအုပ်များမှာ Abstract Noun ကို စိတ္တဇနာမ်လို့ ပြန်ဆိုတာကို မှတ်ထားပြီး Abstract Art ကိုလဲ စိတ္တဇပန်းချီလို့ လွဲလွဲချော်ချော် ပြန်ဆိုလိုက်တာ။ အဲဒီက စပြီး အခုဆိုရင် စိတ္တဇပန်းချီဆိုတဲ့ ဝေါဟာရဟာ လှောင်ပြောင်ခြင်း၊ သရော်ခြင်း၊ ကဲ့ရဲ့ခြင်းအနက် သွားရှိလာတယ်။ စိတ္တဇ ပန်းချီဆိုတဲ့ အသုံးအနှုန်းကို မြေမြှုပ်သင်္ဂြိုဟ်လိုက်ဖို့ ကောင်းပြီ။

စိတ္တဇပန်းချီဆိုတာ စိတ်ကြောင့်ဖြစ်သော ပန်းချီရယ်လို့ အနက်ရှိတယ်။ ပန်းချီဆိုကတဲက စိတ်ကြောင့်ဖြစ်ရတာချည်းပဲ။ ရုပ်ချည်းသက်သက် ဘယ်ဖြစ်လို့ရပ့ါမလဲ။ ဒါကြောင့်မို့လဲ ပန်းချီကို ပါဠိလို စိတ္တကမ္မ (စိတ်အလုပ်လို့) ခေါ်တာပေါ့။ ပန်းချီဆိုတာ ဘာရယ်လို့ ရှေးတရုတ်ပညာရှိတစ်ယောက် ဝိဂြိုဟ်ပြုထားချက်ဟာ မှတ်သားထားဘွယ်ရာဘဲ။ 'စိတ်အမူအရာသည် မိမိကိုယ်

မိမိ ဖော်ထုတ်ခြင်းခရီးကို အတွင်းအစျွတ္တမှ မဆိုင်းမတွချီတက်ပြီး စုတ်ကိုင်တဲ့ လက်တလျှောက်ကို တက်လှမ်းကာ၊ သည့်နောက် စုတ်ဖျားကို ကျော်လွန်၍ စက္ကူပိတ်နံရံဆိုတဲ့ ပန်းတိုင်သို့ ဆိုက်ရောက်တယ်။ အဲဒါကို ပန်းချီ အတတ်ပညာလို့ ခေါ်ဆိုတယ်'တဲ့။

မော်ဒန်အာ့တ်ဟာ ပြောင်စရာ ရီစရာမဟုတ်ဘူး။ ရုပ်ပိုင်း နာမ်ပိုင်း လောကကြီးတစ်ခုလုံးဟာ ရုပ်တန့်မနေဘဲ လှုပ်ရှားရွေ့လျားနေတဲ့ သဘောနိယာမ (dynamic nature) နဲ့ ပစ္စည်း ပစ္စယုပ် သဘောနိယာမ (dialetic nature) တို့အတိုင်း အစဥ်ပြောင်းလဲ ရွေ့လျားနေတာကို မေ့လျော့ပြီး ကျောခိုင်းနေရင် လောကကြီးက လည်း ဒို့ကို မေ့လျော့ ကျောခိုင်းမှာပဲ။

**ဓနိုး** ॥ ॥ နေပါအုံး၊ ကိုအောင်စိုးဟာ ဒီဇိုင်းနိုင်တယ်လို့ ကိုကိုပြောသွားတယ်။ ဒီဇိုင်း (design) ဆိုတာ ဖိုင်းအာ့တ် (Fine Art) မဟုတ်ဘူးရယ်လို့၊ ကြော်ငြာ ပုံဆွဲတဲ့ အတတ်ရယ်လို့ ကျမတော့ နားလည်ထားတယ်။ ကိုကိုပြောတာ ဒီအဓိပ္ပာယ်မျိုးနဲ့ ပြောတာလား။

**ကျွန်တော်** ॥ ॥ ဘယ်ဟုတ်ပါ့မလဲ။ ကြံကောင်းစီရာ။ ဒီဇိုင်း ဆိုတာ အလှအစီအမံကိုပြောတာ။ အလှတည်ဆောက်မှုကို ဆိုလိုတာ (Aesthetic Order or Art Structure)

**ဓနိုး** ॥ ॥ ဒီလိုဆို ဒီဇိုင်းအကြောင်း ကျမကို ရှင်းပြပါအုံး။

**ကျွန်တော်** ။ ။ Elements of Design အလှအစီအမံရဲ့ အင်္ဂါဝတ္ထုများနဲ့ Principles of Design အလှအစီအမံရဲ့ သဘောတရားများရယ်လို့ နှစ်ပိုင်းရှိတယ်။ အဲဒီနှစ်ပိုင်းကို တိုတိုပဲ ရှင်းပြပါရစေတော့။ ကဲ၊ နားထောင်။

အလှအစီအမံရဲ့ အင်္ဂါဝတ္ထုများဆိုတာ ပန်းချီကြည့်တဲ့သူမှာ စိတ်ကြည်နူးခြင်း၊ အေးမြရွှင်လန်း ချမ်းသာခြင်းဆိုတဲ့ နာမ်ဓာတ်အလှတွေဖြစ်လာအောင် (တစ်နည်း) အဲဒီလို နာမ်ဓာတ်အလှတွေကို လှုံ့ဆော်နိုင်စွမ်း (Aesthetic potential) ရှိလေအောင် ပန်းချီရေးသူက မှီငြမ်းပြုရတဲ့အကြောင်း ဝတ္ထုပစ္စည်းတွေဖြစ်တယ်။ အဲဒီဝတ္ထုပစ္စည်းတွေမှာလဲ အဟုတ်ရှိ ပရမတ်ဝတ္ထုပစ္စည်းကတစ်မျိုး၊ သမုတ်ရှိ ပညတ်ဝတ္ထုပစ္စည်းကတစ်မျိုး၊ နှစ်မျိုးခြားပြန်တယ်။

အဟုတ်ရှိ ပရမတ်ဝတ္ထုပစ္စည်းဆိုတာ အရောင်ဓာတ် (colour) ပေါ့ကွာ။ အရောင်ဓာတ်ဟာ ပန်းချီရဲ့ အောက်ပန္နက် ပန်းချီရဲ့ မဟာဘုတ်ဖြစ်တယ်။

သမုတ်ရှိ ပညတ်ဝတ္ထုပစ္စည်းများကတော့ မျဉ်း (line)၊ တူရူအရပ် (direction)၊ ပုံ (shape)၊ အရွယ် (size)၊ အသား (texture) ရယ်လို့ ငါးမျိုးရှိတယ်။ ဒီငါးမျိုးဟာ ခုနကပြောခဲ့တဲ့ အရောင်အဆင်းဆိုတဲ့ ပန်းချီရဲ့ မဟာဘုတ်ကို ခြယ်လှယ်ခြင်းသာ ပြုတာမို့ သူတို့ကို အမွှန်းတင်ဝတ္ထုပစ္စည်းများလို့ ခေါ်တယ်။

အဲဒီ ပရမတ်ဝတ္ထုပစ္စည်းတစ်ခုနဲ့ ပညတ်ဝတ္ထုပစ္စည်း ငါးခု၊ ပေါင်းခြောက်ခုကို ပန်းချီပညာရှင်က အသုံးချပြီး မိမိဖော်ထုတ်လိုတဲ့ နိမိတ်မျိုးပေါ်လာအောင် အလှအစီအမံရဲ့ သဘောတရား ရှစ်မျိုး Principles of Design နဲ့ ဖော်ကြရတယ်။

အဲဒီသဘောတရား ရှစ်မျိုးကတော့–

(၁) ထပ်တလဲပြုခြင်း ( repetition ) သဘောတရား။

(၂) အလှည့်ကြား ထပ်တလဲပြုခြင်း ( alternation ) သဘောတရား။

(၃) ( စောင်းကြိုးညှိသလို ) သဟဇာတ ဖြစ်စေခြင်း၊ (harmony) သဘောတရား။

(၄) တရွေ့ရွေ့ပြောင်းလဲခြင်း ( gradation ) သဘောတရား။

(၅) ဆန့်ကျင်ဘက်ပြုခြင်း ( contrast ) သဘောတရား။

(၆) လွှမ်းမိုးခြင်း ( dominance ) သဘောတရား။

(၇) စည်းလုံးခြင်း ( unity ) သဘောတရား။

(၈) ဟန်ချက်ညီခြင်း၊ ဘက်ညီခြင်း ( balance ) သဘောတရား။

အဲဒီလောက်ဆို တော်ရောပေါ့ကွာ။

ဗဂျီအောင်စိုးဟာ ဒီအလှအစီအမံ သဘောတရားတွေကို နိုင်နိုင်နင်းနင်း အသုံးပြုတတ်တာကြောင့်၊ မင်း ဒီပုံတွေကို

ကြည့်ပါလား။ တစ်ပုံမှ မျက်စိထဲမှာ ထော်လော်ကန့်လန့် ဖြစ်မနေဘူး။ မင်းကြည့်လို့ နားမလည်ပေမယ့်လို့ သူ့လက်ရာတွေဟာ အရုပ်ဆိုးတာ တစ်ခုမှမပါဘူး။ အကုန်လုံး ကြည့်ပျော်ရှုပျော် ဖြစ်နေတယ် မဟုတ်လားး။

**ဇနီး** ။ ။ ပန်းချီမှာ ဘယ်ဝါဒက ဘယ်နည်း၊ ဘယ်ဟန် အကောင်းဆုံးရယ်လို့ ယေဘုယျ သတ်မှတ်ချက်ကော ရှိပါသလား။

**ကျွန်တော်** ။ ။ မရှိဘူး။ မျက်မြင်ဒိဋ္ဌဝါဒနည်း (Naturalism) သို့မဟုတ် (Realism) ဖဿပန်းချီဝါဒနည်း (Impressionism)၊ တပ်အပ်ဒိဋ္ဌ (Morden Art) နည်းရယ်လို့ ရှိတာမှာ ဘယ်ဝါဒနည်းက တခြားဘယ်ဝါဒနည်းထက် ပိုကောင်းတယ်၊ သာတယ်လို့ မဆိုထိုက်ဘူး၊ ဆိုလဲမဆိုစကောင်းဘူး။

ထိုနည်းတူပဲ၊ ကိုယ်ပိုင် ကိုယ့်ဟန်ကိုယ့်စတိုင်ရှိတဲ့ ပန်းချီပညာရှင်တွေမှာလဲ ဘယ်သူက တခြားဘယ်သူထက်ပိုသာတယ်လို့လဲ မဆိုထိုက်ဘူး။ ဆိုလဲ မဆိုစကောင်းဘူး။

ငါကြားဖူးတဲ့ ဥပမာနဲ့ဆိုရရင် ပေါက်ပင်ကို အခါကာလကို လိုက်ပြီး တစ်ချိန်မှာ မီးလောင်ငုတ်လို မြင်သူလဲရှိတာပဲ။ ပွင့်တဲ့အခါ သားတစ်လို နီနီရဲရဲမြင်သူလဲ ရှိတာပဲ။ သီးတဲ့အခါ ကုက္ကိုပင်လို အသီးတွေ တွဲရရွဲနဲ့ မြင်သူလဲ ရှိတာဘဲ။ အပွင့်အသီးတွေ ကြွေပြီး ရွက်နုရွက်ရင့်တွေနဲ့ ပြည့်လာတဲ့အခါ

ပဒေသာပင်လို အရွက်တွေ စိမ်းပြီး အရိပ်ကောင်းတာကို မြင်သူ လည်း ရှိတာပဲ။ စင်စစ် ဒီလို မြင်ခြင်းအားလုံးဟာ ပေါက်ပင်အမှန် ကို မြင်ခြင်းသာဖြစ်သမို့ အနှစ်သာရကတော့ တစ်မျိုးတည်းတစ်ခု တည်းဖြစ်တယ်။

ထိုနည်းတူပဲ။ ပန်းချီဝါဒ အသီးသီးပဲဖြစ်ဖြစ်၊ ပန်းချီ ပညာရှင်အသီးသီးပဲဖြစ်ဖြစ် ကိုယ့်စရိုက် ကိုယ့်အကြိုက် ကိုယ့် လက် ကိုယ့်အထုံ ကိုယ့်ခေတ် ကိုယ့်ပတ်ဝန်းကျင် စသည်တို့နဲ့ လျော်ညီစွာ အလှတရား ကဗျာအမှန်ကို မိမိခံစားတွေ့ရှိရသလို ဖော်ထုတ်ဖန်ဆင်းတာချည်းဖြစ်သမို့ အနှစ်သာရကတော့တစ်မျိုး တည်း တစ်ခုတည်းသာဖြစ်တာဘဲ။

ဇနီး ။ ။ (ပန်းချီကားချပ်များကို တစ်ဖန် ကောက်ယူ ကာ လှန်လျောကြည့်လျက်) ရှေ့ပိုင်းက ပုံတွေက ရိုးရိုးစင်းစင်း မို့ ကျွန်မနားလည်တယ်။ ကြိုက်လဲ ကြိုက်တယ်။ နောက်ပိုင်းက (**"အမေ"**ဆိုသောပုံကို ကိုင်ပြပြီး) ဒီပုံမျိုးတွေကျတော့ နားမလည် တော့ဘူး။ ကိုကိုရော တကယ်ပဲ နားလည်သလား။ တကယ်ပဲ ဒီ ပုံမျိုးတွေရဲ့ အရသာကို ခံစားကြည်နူးလို့ ရသလား။

**ကျွန်တော်** ။ ။ ရတာပေါ့ဟ။ အကုန်လိုလိုပဲ ငါခံစားလို့ရ တယ်။ တစ်ခုနှစ်ခုလောက်ပဲ ငါမရသေးတာ။ ဒီတစ်ခု နှစ်ခုလဲ ကြာကြာလေး ကြည့်လိုက်ရင် ခံစားလို့ရမှာ သေချာတယ်။

နောက်ပိုင်းက ပုံတွေထဲမှာ မော်ဒန်အာ့တ် စစ်စစ်တွေ

တော်တော်များများပါတယ်။

ဒို့မြန်မာပြည် ပန်းချီပြပွဲတွေမှာ မော်ဒန်အာ့တ်ရယ်လို့ အများက သမုတ်နေကြတဲ့ လက်ရာတွေဟာ စင်စစ်တော့ တကယ့် မော်ဒန်အာ့တ်စစ်စစ်တွေ မဟုတ်ဘူး။ မော်ဒန်အာ့တ် ချဉ်းကပ်ပုံ ချဉ်းကပ်နည်း (Modernist approach) နဲ့ ရေးဆွဲထားတာတွေသာ ဖြစ်တယ်။

အခု ဒီပုံတွေထဲမှာ မော်ဒန်အာ့တ် စစ်စစ်တွေ တဝက်နီး နီးပါတယ်။

ဗဂျီအောင်စိုးက လူတစ်မျိုးကွ။ ပြပွဲတွေမှာလဲ သူဝင် မပြဘူး။ သူ့ဒီဇိုင်းပညာဟာ တော်တော့်ကိုမြင့်တယ်။ သူဟာ အရောင်အဆင်း (ကာလာ)ကိုလည်း နိုင်တယ်။ သူသာ ဒီကားတွေ ကို ဆီဆေးနဲ့ဖြစ်ဖြစ်၊ တင်ပရာနဲ့ဖြစ်ဖြစ်၊ ကားကြီးတွေဖြစ် အောင် ရေးဆွဲပြီး ပြပွဲတွေမှာသာပြရင် အင်ဒိုနီးရှားက ကမ္ဘာ ကျော်ဆရာအဖန်ဒီလို ကျော်ကြားလာနိုင်တဲ့ ပုဂ္ဂိုလ်တစ်ဦးကွ။ ဆရာ အဖန်ဒီရဲ့ မော်ဒန်အာ့တ် ပန်းချီကားတွေဟာ ကမ္ဘာ့ ဈေးကွက်မှာ ဒေါ်လာ လေးဂဏန်းအထိ ရှိတယ်။

ဒီလိုလုပ်ဖို့ သူ့ကို ငါတိုက်တွန်းအားပေးတာလဲ အာ ပေါက် လုမတတ်လဲ၊ သူမလုပ်ဘူး။ သူ့ကို လောကနတ်ဆိုင် ခန်းဝင် ပညာရှင်တစ်ဦးဖြစ်လှဲ့ပါလို့လဲ ဒို့က ဖိတ်ခေါ်တယ်။ သူမဝင်ဘူး။ ကဲ၊ ဒီငမိုက် အောင်စိုးအကြောင်းတော့ ထားလိုက်

ပါတော့။

သူ့မော်ဒန်အာ့တ် လက်ရာတွေကို အကြည့်တစ်မျိုးနဲ့ ကြည့်ရတယ်။ သဏ္ဌာန်နိမိတ်ဖော်တဲ့ လက်ရာမျိုးမဟုတ်ရင်၊ မျက်မြင် မှန်ကန်မှုကို အဓိကထားတဲ့ ပန်းချီမျိုး မဟုတ်ရင်၊ ဒို့ ကြည့်ရမှာက ဝေဒနာနိမိတ်ကို ကဲထားတဲ့လက်ရာမျိုးလား၊ ဒါမှ မဟုတ်ရင် သင်္ကေတနိမိတ်ကို ကဲထားတဲ့ လက်ရာမျိုးလားဆိုတာ မြင်အောင် ကြည့်တတ်ဖို့လိုတယ်။ စောစောပိုင်းက ပြောခဲ့တဲ့ ပန်းချီနိမိတ် သုံးပါးနည်းနဲ့ မှတ်ကျောက်တင်ကြည့်ရမယ်။

အကဲဖြတ်တဲ့နေရာမှာလဲ အောင်စိုးဟာ သူ့လက်ရာနဲ့ ဘာကို ဖော်လိုတယ်၊ ဘာပြောလိုတယ်၊ သူတွေ့ရှိခံစားရတဲ့ ဘယ်လို သောဘဏသာရကဗျာ အလှအနှစ်သားမျိုးဟာ ဒီကား ဒီကားမှာ ဘယ်လို သင်္ကေတမျိုးနဲ့ ပေါ်နေတယ်။ ဒါမှမဟုတ် သူ ပေါ်စေချင်သလို သူမဖော်နိုင် စသည်ဖြင့် မြင်အောင်ကြည့်တတ် တာသာ အဓိကဖြစ်တယ်။

တစ်နည်းဆိုရရင် အောင်စိုးရဲ့ အဇ္ဈတ္တသန္တာန်ကို ဉာဏ် မျက်စိနဲ့ ကြည့်ရမယ်။

တကယ်လို့ ကြည့်နေရတဲ့ လက်ရာတစ်ခုဟာ မော်ဒန် အာ့တ်မျိုးဖြစ်နေရင် နိမိတ်အမှောင်ကို ဖောက်ပြီး သဘောအမြင် ပေါက်အောင် ရေးထားခြင်းမျိုးလား၊ မှန်သယောင်အဖြစ်မျိုးက တကယ့်အမှန်ကို ရောက်အောင်၊ သမုတ်ရှိအပြောမျိုးက အဟုတ်

ရှိသဘောမျိုးကို ထိရောက်အောင် အနိစ္စသဘောမျိုးက နိစ္စသဘောမျိုးကို၊ နိစ္စနိမိတ်မျိုးက အနိစ္စ နိမိတ်မျိုးကို ရောက်အောင်၊ အမြင်ညွှန်းက သဘောညွှန်းကို ဆိုက်အောင် ရေးဆွဲထားခြင်းမျိုးလား၊ အဲဒီလို အချိန်ယူပြီး စေ့စေ့စပ်စပ် စိစစ်ကြည့်ရတယ်။

ကဲ၊ မင်းကြည့်တတ်အောင် နမူနာတစ်ခုနဲ့ ငါပြကြည့်အုံးမယ်။ ခုနက မင်းထောင်ပြတဲ့ **"အမေ"** ဆိုတဲ့ ကားချပ်ကို ပေးစမ်း။

ကဲ မင်း ဘာမြင်သလဲ။

**ဇနီး** ။ ။ (အတော်ကြာကြာကြီး ကြည့်ပြီးမှ) မွေးခါစ ခလေးလေးတစ်ယောက်နဲ့ သူ့ပေါ်က မီးတောက်တွေလို့ ထင်တာပဲ။

**ကျွန်တော်** ။ ။ ဒီတော့ရင်။

**ဇနီး** ။ ။ ကိုအောင်စိုးက ဇာတိဒုက္ခမီးကို ဖော်ပြထားတာလို့ မြင်မိတာပဲ။

**ကျွန်တော်** ။ ။ ဟား ... ဟား ... ဟား ... ဟား မင်းပန်းချီကို ကြည့်ရှုကြည့်တာကိုး၊ ပန်းချီဆိုတာ မျက်စိနဲ့ မြင်မှတ်စရာအဖြစ် မြင်ရုံသက်သက်မဟုတ်ဘူး။ စိတ်နဲ့ ခံစားစရာအဖြစ် ခံစားရတဲ့အရာလဲ ဖြစ်တယ်။ ဉာဏ်နဲ့ ကွန့်မြူးစရာအဖြစ် ကျက်စားကွန့်မြူးရတဲ့ အရာလဲ ဖြစ်တယ်လို့ ငါဆိုခဲ့တာကို မေ့ပစ်လိုက်တာကိုး။ စိတ်နဲ့ ခံစားကြည့်တာမျိုး၊ ဉာဏ်နဲ့ ကွန့်မြူး

ကြည့်တာမျိုး လုပ်မှ မလုပ်ဘဲ။

**ဇနီး** ။ ။ ညဏ်နဲ့ ကျက်စား ကွန့်မြူးကြည့်လို့သာ "ဇာတိဒုက္ခမီး" လို့ ပြောလိုက်တာပေါ့။

**ကျွန်တော်** ။ ။ မင်း ကွန့်မြူးပြီးပြောတာ မဟုတ်ပါဘူး။ ထင်ရာစွပ်ပြောလိုက်တာပါ။ ကဲ၊ ကဲ စိတ်နဲ့လဲ ခံစားကြည့်ပါအုံးလေ။ မင်းလဲ ကလေးတစ်ယောက်အမေ ဖြစ်ခဲ့ဖူးသားပဲ။ မင်းဝမ်းက ကလေး ကျွတ်တဲ့အခါ မင်းဘယ်လို ခံစားရလဲ ပြန်ကြည့်၊ ပုံကို သေသေချာချာ ပြန်ကြည့်။

**ဇနီး** ။ ။ မီးတောက်မီးလျှံတွေ မဟုတ်ရင် ပန်းတွေနဲ့ တူတာပဲ။

**ကျွန်တော်** ။ ။ အို .... ပြန်သာကြည့်ပြီး စိတ်နဲ့ ခံစားကြည့်လေ။ ဝေဒနာနိမိတ်ကို ကဲရေးထားတဲ့ ပန်းချီကွ။ (ကျွန်တော် အခင်းလေး ထသွားတယ်။) အပြန်တွင် နောက်ဖေးမီးဖိုချောင်မှာရှိတဲ့ ရေအိုးမှ ရေတစ်ခွက် ခပ်သောက်နေခိုက် ကျွန်တော့် ဇနီးသည်ရဲ့ "သိပြီ၊ သိပြီ" လို့ အော်လိုက်တဲ့ အသံကို ကြားလိုက်ရတယ်။ ကျွန်တော်လဲ သူ့ဆီကို ပြန်လာပြီး) ဘာသိတာလဲ။

**ဇနီး** ။ ။ (ရီမောလျက်) ခုမှ သဘောပေါက်တယ်။ အမယ်လေး ဘာများလဲလို့ အစက ခက်နေလိုက်တာ။ (ပန်းများ ငုံထားသော အဖြူကွက်များကို လက်ညှိုးဖြင့် ထောက်ကာ

ထောက်ကာ) ဒီထိပ်ပိုင်းက အမဲလုံးက မိန်းမရဲ့ ဦးခေါင်းနဲ့ ဆံပင်၊ ဒီအဖြူကွက်ကလေးက သူ့ဘယ်ဘက်နားရွက်၊ ဒီ အဖြူက သူ့လည်တိုင်၊ ဒီအဖြူကတော့ သူ့ဘယ်ဘက်ပခုံး၊ ဒါက ညာပခုံး၊ ဒါက မြှောက်ကနေတဲ့ သူ့ညာဘက်လက်၊ ဒီနေရာက သူ့ကိုယ်၊ သူ့ခါး၊ ဒီအောက်ကို ဆင်းသွားတဲ့ အဖြူကွက်နှစ်ခုကတော့ သူ့ ပေါင်လုံးတွေ။ က–မြူးနေတဲ့ မိန်းမတစ်ယောက်ကို ခုမှမြင်တယ်။

ဟုတ်တယ်ကိုကိုရေ့၊ ကျွန်မ ကလေးမွေးရလို့ ဝမ်းက သားကျွတ်သွားတဲ့အခါ၊ ငါ့မှာ ချစ်စရာတစ်ခုလဲ ရပြီ၊ ငါ့ဒုက္ခ ဝေဒနာလဲ ကင်းသွားပြီလို့ စိတ်ထဲ ဘယ်လို ဝမ်းသာမှန်း မသိဘူး။

ဒီပုံက အမျိုးသမီးဟာ၊ ဘေးက ရံထားတဲ့ ပန်းတွေ ကြောင့်လား မသိဘူး။ တကယ် လှုပ်ရှားနေသလိုဘဲ။

**ကျွန်တော်** ။ ။ အေးပေါ့။ ဒီပုံမှာ ဝေဒနာ နိမိတ်ကို အသားပေးပြီး ဖော်ထားတာဘဲ။ ဝေဒနာနိမိတ်ကို ကဲ ရေးထား ပေးမယ်လို့ အံ့သြလောက်အောင် နိမိတ်သုံးပါး အစပ်အဟပ် တည့်မနေဘူးလား။ သင်္ကေတ အနှစ်သား (symbolic content) နဲ့ မျက်မြင်အင်အား (visual strength) တွေကော လွတ်နေ သလား။

**ဇနီး** ။ ။ မလွတ်ဘူး ကိုကို။ သိပ်မိတာဘဲ။

**ကျွန်တော်** ။ ။ ကဲ၊ ဒါ့ထက် ခက်တဲ့ ပုံတစ်ပုံကို နင်ထပ်စမ်း

ကြည့်စမ်း။ (နောက်ပိုင်းရှိ **"စန်တိနိကေတန်"** ဟူသော ပုံကိုဆွဲထုတ်ပြီးပေးရင်း) **"စန်တိနိကေတန်"** ဆိုတာ သက်ရိုက်စကား၊ အဓိပ္ပာယ်က **ဧရိပ်သာကြီး** တဲ့။ ကဲ၊ ကြည့်ပေတော့။ ကွန့်မြူးပေတော့။

(ကျနော့်ဇနီးမှာ ဆယ်မိနစ်ခန့်ကြာသော်လည်း ခပ်မဆိတ်ပင် ပုံကို စိုက်ကြည့်နေလျက်သာ။) ကဲ၊ ပြောစမ်း။

**ဇနီး** ။ ။ ဘာမှန်းတော့ မသိဘူး။ တြိဂံတစ်ခုရယ်၊ စက်ဝိုင်း တစ်ခုရယ်၊ စတုဂံတစ်ခုရယ်၊ သင်္ကေတ သုံးခုတော့ မြင်သား။ ဒီသင်္ကေတတွေက ဘာကို ညွှန်းထားတာလဲ ဆိုတာတော့ မသိဘူး။

**ကျွန်တော်** ။ ။ အေး၊ ဒီပုံကတော့ တော်တော့ကို ခက်တယ်။ ကိုအောင်စိုးကို ခဏခဏ ငါပြောပြောလေ့ရှိတဲ့ သုညတနိဗ္ဗူတာ တရားကို ဖော်ထားတာဖြစ်တယ်။

ငါက သူ့ကို ဇင်ဗုဒ္ဓဘာသာ ဘုန်းကြီးတွေ ရေးဆွဲတဲ့ တရားဓမ္မ ပန်းချီတွေအကြောင်း ပြောပြရင်း စုတ်ရေးပန်းချီကား တစ်ချပ်အကြောင်းကို ပြောဖူးတယ်။ အဲဒီပန်းချီကားမှာ စက်ဝိုင်း တစ်ခု၊ စက်ဝိုင်းနဲ့ ဆက်ရက် တြိဂံတစ်ခု၊ တြိဂံနဲ့ ဆက်ရက်၊ စတုဂံ တစ်ခု၊ ပေါင်း သုံးခုသာပါတယ်။ အဲဒီပန်းချီကို ခုလို သူ့ကို ရှင်းပြဖူးတယ်။

စက်ဝိုင်းက အနန္တပရမတ်သဘောကို သင်္ကေတပြုထား

တာ။ အနန္တပရမတ်သဘောဟာ သတ္တဝါအားလုံးရဲ့အခြေခံဖြစ်လို့ သူ့နဂိုမူလအတိုင်းဆိုရင် (အနိမိတ္တ) ပုံသဏ္ဍာန်မရှိ။ ဒါပေမယ့် လူ့စိတ်က အဲဒီပုံသဏ္ဍာန် ကင်းရာကြီးကို ပုံသဏ္ဍာန်အမျိုးမျိုး ဖန်ဆင်းပြီးသာ သိရတာမို့ တြိဂံပေါ်လာရတယ်။ အဲဒီကတစ်ဆင့် စတုဂံပေါ်လာတယ်။ စတုဂံဟာလည်း တြိဂံနှစ်ခုကို ဆက်ထားတာဖြစ်တယ်။ ဒီလို နှစ်ခု ဆက်မှုတွေ၊ အဆက်မပြတ် ဖြစ်ပေါ်လာတာကြောင့် မူလ တစ်ခုတည်းက အရာဝတ္ထု ပစ္စည်း ပေါင်းသောင်းခြောက်ထောင်ဖြစ်လာတယ်။ ကမ္ဘာရှိ သတ္တဝါတွေ အားလုံးအနက် စကားပြောခြင်းအတတ် (ပညတ်တီထွင်ခြင်းအတတ်)ကို တီထွင်အသုံးပြုလာတဲ့ လူသတ္တဝါအဖို့ ဖြစ်ပေါ်နေတဲ့ ဒုက္ခဆင်းရဲရဲ့ အကြောင်းရင်းဟာ ပညတ်စကားတွေကို တကယ် အဟုတ်အမှန်လို့ ယူထားကြပြီး စကားပညတ်တွေဆိုတာ အချိန်ကာလနဲ့ နေရာဌာနမပါရင် ဘာအဓိပ္ပာယ်မှမရှိတာကို မေ့လျော့နေခြင်းဖြစ်တယ်။ ကာလနဲ့ ဌာနဆိုတာဟာလဲ တကယ်အရှိ တရားမဟုတ်။ ပညတ်စကားများသာဖြစ်တယ်လို့ ကိုအောင်စိုးကို ငါရှင်းပြဖူးတယ်။

ဒီသဘောတွေကို ဒီပုံထဲ သရုပ်ဖော်ထားတာ။ ပုံကို အကုန်ခြုံကြည့်လိုက်ရင် တိဘက်ပြည်က စေတီပုံမျိုးနဲ့တူတယ်။

**ဇနီး** ။ ။ တခြား ဒိပြင်ပုံတွေကိုပါ ရှင်းပြပါအုံး။

**ကျွန်တော်** ။ ။ ရှင်းပြလိုက်ရင် နင့်မှာ ဗဟုသုတသာဖြစ်

သွားမှာပေါ့။ ခံစားမှုဆိုတာ ဘယ်ရှိတော့မလဲ။ သကြားအရသာ ဘယ်လိုနေသလဲလို့ ရှင်းပြခိုင်းတာမျိုး ဖြစ်နေပြီ။ နင်ကိုယ်တိုင် စားကြည့်ပေါ့။ စားနည်းစားပုံကို ပြောပြီးပြီပဲ။ အနုပညာနဲ့ သောဘဏ္ဍာသာရ အနှစ်သားအလှကဗျာကို လက်ဆင့်ကမ်း ဝေမျှ စားလို့ မရဘူး။ ကိုယ်တိုင်ကိုယ်ကျ ခံစားရတာမျိုးဟာ ပစ္စတံ ဝေဒိတဗ္ဗော ဝိညူဟိဓမ္မောလို့ နင်လဲ နေ့စဉ်နေ့တိုင်း ရွတ်ဆိုနေ သားပဲ။

**ဇနီး** ။ ။ ကိုကိုရေ၊ အိန္ဒိယဒဏ္ဍာရီတစ်ပုဒ်ကို ကိုကို ဘာသာပြန်ဖူးတာ မှတ်မိသေးသလား။

**ကျွန်တော်** ။ ။ ဘာပါလိမ့်။

**ဇနီး** ။ ။ ခေါင်းစဉ်ကိုတော့ ကျွန်မလည်း မေ့သွားပြီ။ ဝတ္ထုကြောင်းက ဒီလိုလေ။ လောကရဲ့အစမှာ ပန်းပုပါရဂူနတ်မင်း ကြီးက တိရစ္ဆာန်အားလုံးကို ထုလုပ်ဖန်ဆင်းပြီး လူယောကျ်ားကို ထုလုပ် ဖန်ဆင်းတယ်။ လူမိန်းမကို ထုလုပ် ဖန်ဆင်းဖို့ အချိန်ကျ တော့ အမာခံသယံဇာတပစ္စည်းတွေ ကုန်သွားလို့ နတ်မင်းအတွက် ခက်နေရောတဲ့။ နတ်မင်းက ဈာန်သမာပတ် ဝင်စားပြီး အကြံ ဉာဏ်ထုတ်သတဲ့။ ထုတ်တဲ့အတိုင်းလဲ အကြံကောင်းရလာသတဲ့။ ရလာတဲ့ အကြံအတိုင်း နတ်မင်းက ပထမဦးဆုံးလမင်းရဲ့ အလုံး အဝန်းကို ယူငင်ပြီး၊ နောက်စပယ်ပင်တို့၊ သစ်ရွက်တို့၊ ကျူပင် တို့၊ ဆင်နှာမောင်းတို့စသည်ဖြင့် ပစ္စည်းအမျိုးမျိုးကို ကြိတ်နယ်

ရောစပ်ပြီး ခါတ်ပေါင်းတုံးကြီး ဖြစ်လာအောင်လုပ်သတဲ့။ ဒီအတုံး ကြီးကို လူမိန်းမ ဖြစ်လာအောင် ထုလုပ်ဖန်ဆင်းပြီး လူယောကျ်ားကို အဖော်အဖြစ် ပေးသနားတယ် ဆိုတဲ့ပုံပြင်လေ။

**ကျွန်တော်** ။ ။ အော် **"မိန်းမဂုဏ်ရည်ငါးငါးလီ"** ဆိုတဲ့ ပုံပြင်လေးလား။

**ဇနီး** ။ ။ ဟုတ်တယ်၊ ဟုတ်တယ်။

**ကျွန်တော်** ။ ။ အေး၊ ဒါဘာဖြစ်သလဲ။ ဒီ အောင်စိုး လက်ရာတွေနဲ့ ဘယ်လိုပတ်သက်လို့လဲ။

**ဇနီး** ။ ။ အဲဒီ မိန်းမဂုဏ်ရည် ငါးငါးလီကို အခုလို ပန်းချီမျိုးတွေနဲ့ ကိုအောင်စိုး သရုပ်ဖော်ရင် သိပ်ကြည့်လို့ကောင်း မှာဘဲ။

**ကျွန်တော်** ။ ။ ကောင်းလိုက်တဲ့ အကြံကွာ။ ကိုအောင်စိုးက လဲ မိန်းမရဲ့အလှကို အင်မတန် ကြည်နူးတတ်တယ်။

ငါသူ့ကို အကြံပေးလိုက်အုံးမယ်။ နတ်ဖန်သည့် ယုဝတီရဲ့ အလှကို ပန်းချီကဗျာ၊ စာမဲ့ကဗျာ နောက်ထပ်တစ်အုပ်နဲ့ တိုင်းပြည်ကို အလှပျော်တော် ဆက်လိုက်ပါအုံး ...... လို့။

**ဘသန်း(ဓမ္မိက)**

**(၁၅. ၁. ၇၆)**

## အကိုသို့ . . . .

အကို

ကျွန်တော်တို့အားလုံးရဲ့ အရင်းမူလဟာ တဏှာပါ။ ကျွန်တော်တို့အားလုံးရဲ့ အသက်သွေးဟာ ဘဝကို ခင်ခြင်းပါ။ ကျွန်တော်တို့အားလုံးရဲ့ လောကခံကို ခံ့မင်မှုဟာ ကျွန်တော်တို့ရဲ့ အာရုံ ဝင်ပေါက်တွေမှာ လျှမ်းလျှမ်းတောက်နေဆဲပါ။ အကို့ ကားလေးတွေကို ပုဆစ်ဒူးတုပ် ကြည့်ရတိုင်း ကျွန်တော်ရခဲ့တဲ့ အချိုမြက်ဆုံး ဂီတဟာ အဲဒီတော်ဝင်တရားတွေပါပဲ။ ကျွန်တော်တို့ရဲ့ ဘဝတဏှာကြိုးကလေးများကို အကို့ကားလေးတွေက လှုပ်နှိုးခဲ့ပါတယ်အကို။

ကျွန်တော့်ကို အကို့စာအုပ်မှာ တစ်ခုခုရေးခွင့်ပြုတော့ ကျွန်တော့်မှာ ပြောစရာတစ်ခုခုတွေ များမြောင်စွာနဲ့ ကြပ်ခဲနေခဲ့ပါတယ်။ **အနုပညာရဲ့ ပင်မအလွှာ** (Basic Strata) ဖြစ်တဲ့ သဘာဝဆိုတဲ့ အပြန့်ကျယ်မဆုံးသော အလုံးစုံတရားကြီးရဲ့

ပြတင်းတံခါးများ ဖွင့်ပိတ်သံဟာ ကျွန်တော့်နှလုံးခုန်သံနဲ့အတူ စီးမြောသွားမတတ်ပါပဲ အကို။

**"နေရာနှင့် အချိန်သာလျှင် ရှိ၏"** ဆိုတဲ့ ပရမတ်ကို အရိုးစွဲနေတဲ့ ကျွန်တော်တို့အဖို့တော့ အကို့စာအုပ်ကလေးကို ကြည့်ရင်း ဟောဒီသံစဉ်ကလေးသုံးခုဟာ အတွင်းကမ္ဘာတစ်ခုကနေ ကြည်မြစွာ လင်းလက်လာပါတယ်။ အနုပညာရဲ့ခွင်ဟာ ဘဝရဲ့ခွင်ထက်မြင့်တယ်။ အနုပညာရဲ့စံနှုန်းဟာ ဘဝရဲ့စံနှုန်းထက် ပိုအသားကျတယ်။ အနုပညာဘဝရဲ့ ဆက်နွှယ်မှုအစဉ်အလာဟာ အမြဲရှင်သန် လတ်ဆတ်တယ်ဆိုတဲ့ သံစဉ်ကလေးများပါပဲ။ အဲဒီသံစဉ်စုဟာ လူ့ယဉ်ကျေးမှုရဲ့ လက်ရင်း ဗျာဒိတ်တော်များပေလားမသိဘူးအကို။

ရသဆရာ စတီဗင်ကရိမ်းက ပြောဖူးတယ်။ "လူဟာ လောကထဲကို မိမိကိုယ်ပိုင် မျက်စေ့နှစ်လုံးနဲ့ ရောက်လာတယ်။ ဒါပေမယ့် သူ့အမြင်အာရုံနဲ့ ပတ်သက်လို့ သူ့မှာ လုံးဝတာဝန်မရှိဘူးတဲ့"။ စတီဗင်ကရိမ်းကို ပုဂ္ဂိုလ်ရေးအရ မကျေနပ်သူတွေအများကြီးပဲ။ ကျွန်တော်တို့တော့ သူ့အဆိုကို လေးစားတယ်အကို။ လူ့အမြင်အာရုံကို တကယ်တမ်း ကြည်လင်အောင် ခတ်အားကောင်းအောင် တာဝန်ယူတာဟာ လူ့အဖွဲ့အစည်းရဲ့ ဝိဘာဂတွေလို့ ယုံကြည်လို့ပဲ။ လူရဲ့ရသခံစားမှုနှုန်းဟာ သူနေတဲ့ လူမှုဘဝရဲ့ ရင်ခုန်သံနဲ့ တသားတည်း အတက်အကျရှိနေတာ

မဟုတ်လားအကို။

လူဟာ ဓာတိအရကို အနုပညာသမားလို့ ကျွန်တော်မြင်ပါတယ်အကို။ လူဟာ သူ့ဘဝထဲကို အလှဗေဒတစ်ခုခု သွတ်သွင်းဖို့ အန္တိမမြှုပ်နှံ အလံမလှဲစတမ်း အားထုတ်ရင်း သေဆုံးသွားမယ့် သတ္တဝါမျိုးပါ။ ဒီနေရာမှာ ကျွန်တော်တို့ဟာ ကားမတ်ရဲ့စကားလုံး တစ်ခုကို သွားသတိရပြန်တယ်အကို။ (၁၈၄၄ မှတ်တမ်းတွေထဲမှာ ထင်ပါရဲ့) "အနုပညာများကို ခံစားဖို့အတွက် အနုပညာမြောက်စွာ ဖန်တီးပျိုးထောင်ထားသော ဘဝများကို ကျွန်ုပ်တို့ ပိုမိုတည်ဆောက်ကြရအောင်" ဆိုတာလေ။

အကိုရဲ့ ကားတွေမှာကျတော့ လူ–ဆိုသော အဖြစ်ရဲ့ တရှိန်ရှိန်တက်နေတဲ့အလှကို ဖမ်းယူခံစားလို့ရသလို၊ အဲဒီလူဆိုတဲ့အလှကို အနားသတ် ပေါင်ကျက်ပေးတတ်တဲ့လူ့ဝန်းကျင်ဆိုတာရဲ့ ကြီးမြတ်တဲ့ဂုဏ်ပုဒ်များကိုလဲ ထွန်းလင်းစွာမြင်နေရပါတယ်။ ပြောရရင်တော့ အကို့ကားထဲမှာ ပါတဲ့ လူ–ဆိုတဲ့၊ အလှဟာ ပြဋ္ဌာန်းရောက်ရှိဆဲ လူမှုအဆင့်ကို ပေါင်မကျော်တဲ့၊ အရှက်မဲ့စွာ စိတ်ကူးမယဉ်တဲ့အလှမျိုး၊ သစ္စာပန်းမျိုးပါပဲ အကို။ ဒါဟာ အကို့ ကားလေးတွေရဲ့အနဋ္ဌတန်ဘိုးပါ။

ကဗျာနဲ့ ပန်းချီဆိုတဲ့ အနာဒိအနန္တမြတ်အင်္ဂါတွေဟာ သဘာဝ (Nature) ဆိုတဲ့ ပဋိစ္စသမုပ္ပာဒ် ပါးပြင်ပေါ်မှာ ကြူကြူမွှေးနေတဲ့ထာဝရ နံ့သာမှုန့်မျိုးပါ။ ဒီသနပ်ခါးမှုန်လေးတွေရဲ့

ရိုးသားတဲ့၊ စွဲမြဲတဲ့၊ မဖောက်ပြန်တဲ့ ရနံ့နွေးကလေးတွေကို ကျွန်တော်တို့ ငယ်ဘဝထဲက အကို့လက်ရာလေးတွေကတစ်ဆင့် ခံစားတတ်ခဲ့ရပါတယ်။ ဂျီသြမေတြီသင်္ချာကို ချစ်တဲ့အကိုဟာ ကဗျာထဲကထောင့်မှန် အချိုးများကို ပန်းချီရဲ့ မျဉ်းတွေ သီဝရီများနဲ့ ပေါင်းစပ်ပြီး ကျွန်တော်တို့အတွက် အလှရသပြင်ညီ ကလေးများစွာကို တည်ဆောက်ပေးခဲ့တယ်လို့ ဆိုချင်တယ်အကို။

အကို . . . အဆုံးအစမရှိတဲ့ ဟင်းလင်းပြင်ခတ်ကြီးတစ်ခုဟာ ဟိုအဝေးမှာ မြောရွေ့လို့နေပါတယ်။ အပိုင်းအခြားမရှိတဲ့ ဟင်းလင်းပြင်ခတ်ဟာ အပိုင်းအခြားမရှိတဲ့ မဟာဘုတ်ခတ်ကြီး လေးပါးကြားကို ဒိုးယိုမွှေပြီး ဆက်လွင့်သွားပြန်ပါပြီ။ သံသရာကို စွဲချစ်တဲ့ အဝိဇ္ဇာလက်နဲ့ မျက်နှာသစ်ရတာကို မရိုးနိုင်တဲ့ သံယောဇဉ်ခါးပတ်နက်နဲ့ ကျွန်တော်တို့တတွေကတော့ ဒီမှာပဲ ကျန်ခဲ့ပါတယ်။ ဟုတ်ပါတယ်။ အသက်ရှင်မှုအပေါင်းခသြောင်းရာ ဒီကမ္ဘာမြေကြီးမှာပဲ ကျန်းမာပျော်ရွှင်စွာ ကျန်ခဲ့ပါတယ်။ အကို့စာအုပ်ထဲက ထွက်လာတဲ့ လူ့ရသအမြိုက်ဘွဲ့ကာရန်ကလေးများ အားကိုးနဲ့ပဲ ကျွန်တော်တို့ ကျန်ခဲ့ပါမယ်။

အကို ကျန်းမာပျော်ရွှင်ပါစေ။

အကို့ညီ

**မြေချစ်သူ**

(၂၅-၁-၇၅)

## အစီအစဉ်

### မြန်မာ့ရိုးရာယဉ်ကျေးမှုအပိုင်း


၁။ ဘဏ္ဍေမာတရံ **၄၃**

၂။ ငြိမ်းချမ်းသာယာပါစေ **၄၅**

၃။ ဒို့ပြည်ကိုဒို့ကာကွယ်မည် **၄၇**

၄။ ပုလွေသံလေမွှေးတယ် **၄၉**

၅။ မေတ္တာဟူသည် **၅၁**

၆။ မိဝင်းကြည်ပြုံးနေတယ် **၅၃**

၇။ ဖိုးလမင်း **၅၅**


### သဘာဝပန်းချီအပိုင်း


၁။ ဘဲဥကွဲ **၅၉**

၂။ ကုမုဒြာယာ **၆၁**

၃။ ဝါဆိုဝါခေါင်ရေတွေကြီးတော့မျှော့နက်မဲကြီး
တွယ်တတ်တယ် **၆၃**

၄။ အမေမဖွားစိန် **၆၅**

၅။ သူရိန် **၆၇**

၆။ အလှပန်း **၆၉**

**<u>အချစ်အကြောင်း</u>**

၁။ ပုံပြင်ကလေးကတော့ဒါပါပဲ **၇၃**
၂။ ငါးလေးတစ်ကောင်ဖမ်းမိတယ် **၇၅**
၃။ ကိုယ့်အသည်းလေးပြန်ပေးပါ **၇၇**
၄။ မိသဲလေးပဲအနိုင်ယူ **၇၉**
၅။ ကွန်ပျူတာအချစ် **၈၁**
၆။ မိုးရွာရင်ရေချိုးမယ် **၈၃**
၇။ ကိုယ်တို့ရဲ့ နိဗ္ဗာန် လေး **၈၅**
၈။ ရက်စက်ပါပေ့ . . . ကွယ် **၈၇**
၉။ INVITATION **၈၉**
၁၀။ ကုဏ္ဍလိနီ **၉၁**
၁၁။ THE LAST HOPE **၉၃**

**<u>ခေတ်သစ်ပန်းချီအပိုင်း</u>**

၁။ လူတစ်ယောက်မျောက်တစ်ကောင်တယောတစ်လက် **၉၇**
၂။ မိုးမခပင်လေး . . . . . ငိုနေတယ် **၉၉**

၃။ ဈာန် **၁၀၁**

၄။ ဟင်နရီမိုးရဲ့ အချွန်ကလေးသုံးခု **၁၀၃**

၅။ စန်တိနိကေတန် (ငြိမ်းချမ်းသောအရပ်) **၁၀၅**

၆။ ကဗျာ **၁၀၇**

၇။ ဒိုင်ယာလက်တစ် **၁၀၉**

၈။ တောနဲ့တောင်စွယ် **၁၁၁**

၉။ ဗီထိုဗင်နွားထိုးကြီးကျေးရွာအလည်လာခြင်း **၁၁၃**

၁၀။ တာနောယက္ခ၏မျက်ရည် **၁၁၅**

၁၁။ ပဒုမ္မာကြာတော၌ရှာသောမိုး **၁၁၇**

၁၂။ ဖိမြို့တော်သူ **၁၁၉**

၁၃။ INVITATION **၁၂၁**

၁၄။ ဦးနှောက်မရှိသောဘဲ **၁၂၃**

၁၅။ ကလီယိုပက်ထရာအကြောင်း **၁၂၅**

၁၆။ အရုပ်ဆိုးသောဘဲကလေး **၁၂၇**

၁၇။ အမေ **၁၂၉**

၁၈။ မထွေးလေးပုံပြင် **၁၃၁**

၁၉။ ဈေးသည် **၁၃၃**

၂၀။ သီတဂူ **၁၃၅**

၂၁။ အစ **၁၃၇**

၂၂။ ဆန်းစသော်တာ **၁၃၉**

# မြန်မာ့ရိုးရာယဉ်ကျေးမှု
# အပိုင်း

ဘဏ္ဍာမာတရုံ



ငြိမ်းချမ်းသာယာပါစေ



**ယွန်းရွှေအိမ်**

ဒို့ပြည်ကိုဒို့ကာကွယ်မည်

### စာမဲ့ကဗျာ ၄၇



**ယွန်းရွှေအိမ်**

# ပုလွေသံလေမွှေးတယ်



မေတ္တာဟူသည်

စာမဲ့ကဗျာ ၅၁



**ယွန်းရွှေအိမ်**

မိဝင်းကြည်ပြုံးနေတယ်



ယွန်းရွှေအိမ်

ဖိုးလမင်း



**ယွန်းရွှေအိမ်**

# သဘာဝပန်းချီအပိုင်း

ဘဲဥကွဲ



ကုမုဒြယာ



ဝါဆိုဝါခေါင်ရေတွေကြီးတော့မျှော့နက်မဲကြီး
တွယ်တတ်တယ်




**ယွန်းရွှေအိမ်**

အမေမဖွားစိန်



သူရိန်



**ယွန်းရွှေအိမ်**

# အလှပန်း



**ယွန်းရွှေအိမ်**

# အချစ်အကြောင်း

ယွန်းရွှေအိမ်

ပုံပြင်ကလေးကတော့ဒါပါပဲ




ငါးလေးတစ်ကောင်ဖမ်းမိတယ်



**ယွန်းရွှေအိမ်**

ကိုယ့်အသည်းလေးပြန်ပေးပါ




ယွန်းရွှေအိမ်

မိသဲလေးပဲအနိုင်ယူ




ယွန်းရွှေအိမ်

ကွန်ပျူတာအချစ်




**ယွန်းရွှေအိမ်**

မိုးရွာရင်ရေချိုးမယ်




ကိုယ်တို့ရဲ့ နိဗ္ဗာန်ဘုံလေး




ရက်စက်ပါပေ့ . . . ကွယ်



INVITATION


INVITATION


ကုဏ္ဍလိနီ



**ယွန်းရွှေအိမ်**

THE LAST HOPE

စာမဲ့ကဗျာ ၉၃



**ယွန်းရွှေအိမ်**

# ခေတ်သစ်ပန်းချီအပိုင်း

ယွန်းရွှေအိမ်


လူတစ်ယောက်မျောက်တစ်ကောင်တယောတစ်လက်



မိုးမပင်လေး . . . . ငိုနေတယ်



ဈာန်




**ယွန်းရွှေအိမ်**

ဟင်နရီမိုးရဲ့ အချွန်ကလေးသုံးခု




စန့်တိနိကေတန် (ငြိမ်းချမ်းသောအရပ်)



ယွန်းရွှေအိမ်

ကဗျာ



ယွန်းရွှေအိမ်

ဒိုင်ယာလက်တစ်



**ယွန်းရွှေအိမ်**

တောနဲ့တောင်စွယ်




**ယွန်းရွှေအိမ်**

ဗီထိုဗင်နွားထိုးကြီးကျေးရွာအလည်လာခြင်း



တာနေ့ာယက္ခ၏မျက်ရည်



**ယွန်းရွှေအိမ်**

ပဒုမ္မာကြာတော၌ရှာသောမိုး

စာမဲ့ကဗျာ၁၁၇




**ယွန်းရွှေအိမ်**

ဖိမြို့တော်သူ



INVITATION

စာမဲ့ကဗျာ၁၂၁



ယွန်းရွှေအိမ်

ဦးနှောက်မရှိသောဘဲ



**ယွန်းရွှေအိမ်**

# ကလီယိုပက်ထရာအကြောင်း



**ယွန်းရွှေအိမ်**

အရုပ်ဆိုးသောဘဲကလေး



**ယွန်းရွှေအိမ်**

အမေ



**ယွန်းရွှေအိမ်**

မထွေးလေးပုံပြင်



ယွန်းရွှေအိမ်

ဈေးသည်



**ယွန်းရွှေအိမ်**

သီတဂူ



**ယွန်းရွှေအိမ်**

အစ

စာမဲ့ကဗျာ၁၃၇



ယွန်းရွှေအိမ်

ဆန်းစသော်တာ

ယွန်းရွှေအိမ်



ယွန်းရွှေအိမ်


AIR
WE SEE ONLY
WHAT WE KNOW
WHEN YOU CALL A THING MYSTERIOUS
ALL THAT IT MEANS IS THAT
YOU DON'T UNDERSTAND IT

